# မယ်ဒီကိတ် ကုန်ကျစရိတ်မျှခံခြင်းဆိုင်ရာ မကြာခဏမေးလေ့ရှိသော မေးခွန်းများ

### 1. မယ်ဒီကိတ် ကုန်ကျစရိတ်မျှခံခြင်း ဆိုသည်မှာ အဘယ်နည်း၊ မည်သည့်အချိန်တွင်စတင်မည်နည်း။

မယ်ဒီကိတ် ကုန်ကျစရိတ်မျှခံခြင်းသည် အချို့သော မယ်ဒီကိတ်အဖွဲ့ဝင်များ အနေနှင့် အာမခံကြေးကို ထိန်းသိမ်းထားရန်အတွက် ကုန်ကျစရိတ်၏ ရာခိုင်နှုန်းအနည်းငယ် ပေးဆောင်ရခြင်း ပါဝင်သည်။ ယင်းတွင် ကျန်းမာရေးဝန်ဆောင်မှုများကို ခံယူသည့်အချိန်၌ တိုက်ရိုက်ပေးဆောင်ရသော ပူးတွဲပေးဆောင်မှုစရိတ်များ (copays) နှင့် လစဉ်ထည့်သွင်းငွေများ/ ငွေတောင်းခံလွှာမှတဆင့် ပေးရသော လစဉ်ကြေးများ ပါဝင်နိုင်သည်။ Copays များသည် ကျန်းမာသောအင်ဒီယာနာအစီအစဉ် Healthy Indiana Plan (HIP) နှင့် ကလေးများ၏ ကျန်းမာရေးအာမခံကြေးအစီအစဉ် Children's Health Insurance Plan (CHIP)၊ စသည့်အစီအစဉ်များတွင် ပါဝင်သည့်အဖွဲ့ဝင်များအတွက်သာ အကျုံးဝင်သည်။ လစဉ်သွင်းငွေများ/လစဉ်ကြေးများသည် HIP ၊ CHIP နှင့် MED Works (မသန်စွမ်းမှုရှိသော အလုပ်လုပ်သည့်ပုဂ္ဂိုလ်များအတွက် မယ်ဒီကိတ်)၊ စသည်တို့နှင့် သက်ဆိုင်သည်။ HIP နှင့် CHIP အတွက် ပူးတွဲပေးဆောင်စရိတ်များ (Copayments) သည် ဂျူလိုင်လ 1 ရက်နေ့ 2024 တွင်စတင်မည်ဖြစ်ပြီး HIP ၊ CHIP နှင့် MED Works များကို ဩဂုတ်လ အကျိုးခံစားခွင့်များအတွက် လစဉ်ကြေးတောင်းခံလွှာကို ဂျူလိုင်လအစောပိုင်းတွင် ပေးပို့မည်ဖြစ်ပါသည်။

### 2. ကုန်ကျစရိတ်မျှခံခြင်းသည် မယ်ဒီကိတ် အာမခံကြေး၏ အစိတ်အပိုင်းတခုအဖြစ် အမြဲတမ်းရှိနေခဲ့ပါသလား။

ဟုတ်ပါသည်၊ သို့သော် မယ်ဒီကိတ်အာမခံကြေး အတွက် ကုန်ကျစရိတ်မျှခံခြင်းကို ဖယ်ဒရယ်လူထုကျန်းမာရေး အရေးပေါ်အမိန့်များကြောင့် လေးနှစ်နီးပါး ဆိုင်းငံ့ထားခဲ့ရသည်။ ယင်းကို ဂျူလိုင်လ 1 ရက်နေ့ 2024 တွင် ပြန်လည်အသုံးပြုမည်ဖြစ်၍ အဖွဲ့ဝင်အချို့ကို အာမခံကြေး၏ အချို့သော ကုန်ကျစရိတ် အတွက် မျှဝေပေးဆောင်ခိုင်းပါသည်။

### 3. မိမိအနေနှင့် မယ်ဒီကိတ် ကုန်ကျစရိတ်မျှခံခြင်းအတွက် ငွေသွင်းစရာ လို၊ မလို မည်သို့သိရှိရမည်နည်း။

သင်သည် HIP အဖွဲ့ဝင် ဖြစ်ပါက သင့်ကျန်းမာရေး အာမခံကြေးအစီအစဉ်ဖြစ်သော (Anthem ၊ CareSource ၊ MDwise သို့မဟုတ် MHS) ထံမှ လစဉ်ကြေးတောင်းခံလွှာကို  လက်ခံရရှိပါလိမ့်မည်။ CHIP အစီအစဉ်တွင် သင် သို့မဟုတ် သင့်ကလေး ပါဝင်ပါက၊ သို့မဟုတ် သင့်အနေနှင့် MED Works အာမခံကြေးကို ရရှိပါက၊ ဂျူလိုင်လတွင် အာမခံကြေး စီမံခန့်ခွဲရေးအဖွဲ့ ထံမှ ကျသင့်ငွေတောင်းခံလွှာကို လက်ခံရရှိပါလိမ့်မည်။

မယ်ဒီကိတ်အဖွဲ့ဝင်များ အနေနှင့် လစဉ်သွင်းငွေများ/လစဉ်ကြေးများ ပေးဆောင်ရန် လို၊ မလို၊ ဆုံးဖြတ်နိုင်ရန်အတွက် ၎င်းတို့၏ အကျိုးခံစားခွင့်များ စီမံဆောင်ရွက်ရန် စာရင်းကို အွန်လိုင်းမှတဆင့် (**FSSABenefits.IN.gov**) တွင်အခြေအနေစစ်ဆေး ကြည့်ရှုနိုင်ပါသည်။ အဖွဲ့ဝင်များအနေနှင့် သတင်းအချက်အလက် များကိုသိရှိထားရန်အတွက် FSSA ထံမှ သတိမှတ်ချက်နှင့် ကိုက်ညီသူအတွက် အကြောင်းကြားစာများ နှင့် လစဉ်ကြေးတောင်းခံလွှာများကိုလည်း (HIP အဖွဲ့ဝင်များဖြစ်ပါက) ကျန်းမာရေး အာမခံအစီအစဉ် (health plan) မှ ထုတ်ပေးမည်၊ သို့မဟုတ် (CHIP နှင့် MED Works ဖြစ်ပါက) အာမခံကြေး စီမံခန့်ခွဲသည့်အဖွဲ့မှ ထုတ်ပေးမည်ဖြစ်ပါသည်။

### 4. မယ်ဒီကိတ်အဖွဲ့ဝင်များ အနေနှင့် ကုန်ကျစရိတ်မျှခံရန်အတွက် ငွေကို မည်သည့်အချိန်တွင် စတင်ပေးသွင်းရမည်နည်း။

ကုန်ကျစရိတ်မျှခံခြင်းသည် ဂျူလိုင်လ 1 ရက်နေ့ 2024 တွင် ပြန်လည်စတင်ရန် သတ်မှတ်ထားသည်။ HIP နှင့် CHIP အဖွဲ့ဝင်များ အနေနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ခံယူသည့်အချိန်တွင် copay အနည်းငယ် ပေးဆောင်ရန် အဆင်သင့် ပြင်ဆင်ထားသင့်သည်။ HIP ၊ CHIP နှင့် MED Works အဖွဲ့ဝင်များ အနေနှင့် စာတိုက်မှတဆင့် လစဉ်ကြေးတောင်းခံလွှာ ရောက်လာမည်ကို သတိထားသင့်ပြီး အာမခံကြေးအစီအစဉ်ကို ထိန်းသိမ်းရန်အတွက် ငွေပေးဆောင်ရမည့် နောက်ဆုံးရက်စွဲ သတ်မှတ်ချက်အတိုင်း ပေးဆောင်ရမည်။

### 5. ကုန်ကျစရိတ်မျှခံခြင်းသည် သမားရိုးကျ ကျန်းမာရေးအာမခံကြေးအတွက် ကုန်ကျစရိတ်နှင့် ဆင်တူရိုးမှားဖြစ်ပါသလား။

ဟုတ်ပါသည်၊ မယ်ဒီကိတ် ကုန်ကျစရိတ်မျှခံခြင်း၏ လုပ်ငန်းလည်ပတ်မှုစရိတ်သည် သမားရိုးကျ ကျန်းမာရေး အာမခံကြေး အစီအစဉ်များ၏ ကုန်ကျစရိတ်နှင့် အလားတူဖြစ်သည်ကို နှိုင်းယှဉ်နိုင်ပါသည်။ အဖွဲ့ဝင်များအနေနှင့် ပူးတွဲပေးဆောင်မှုစရိတ် (copays) များကို ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ခံယူသည့်အချိန်တွင် ငွေတိုက်ရိုက် ပေးချေရသည်။

လစဉ်သွင်းငွေများ (HIP အတွက်) နှင့် လစဉ်ကြေးများ (CHIP နှင့် MED Works အတွက်) တို့သည် အာမခံကြေးထားရှိရေးကို သေချာစေရန်အတွက် သမားရိုးကျ ကျန်းမာရေး အာမခံကြေးနှင့် အလားတူဖြစ်ကြောင်း နှိုင်းယှဉ်နိုင်သည်။

### 6. မယ်ဒီကိတ်အဖွဲ့ဝင်များ အနေနှင့် ငွေမည်မျှသွင်းရမည်ဟု သတ်မှတ်ထားသနည်း။

အဖွဲ့ဝင်များပေးရန် လိုအပ်သည့်ကုန်ကျစရိတ် ရာခိုင်နှုန်းအတိအကျသည် အမျိုးမျိုးကွဲပြားပါလိမ့်မည်။ အဖွဲ့ဝင်များအနေနှင့် လစဉ်သွင်းငွေ/လစဉ်ကြေး ပမာဏများ နှင့်ပတ်သက်ပြီး တဦးချင်းအလိုက် သတင်းအချက်အလက်များကို တွေ့ရှိရန်အတွက် ၎င်းတို့၏ စာရင်းအခြေအနေကို အွန်လိုင်းမှတဆင့် **FSSABenefits.IN.gov** တွင် စစ်ဆေးနိုင်သည်။ အဖွဲ့ဝင်များအနေနှင့် မယ်ဒီကိတ်ကဒ်၏ ကျောဘက်တွင် ရှိသော "အဖွဲ့ဝင်အတွက်ဝန်ဆောင်မှုများ (member services)" ဖုန်းနံပါတ်ထံ ဖုန်းဆက်ခြင်းဖြင့်  ပူးတွဲပေးရသောစရိတ် (copay) ၏ငွေပမာဏ နှင့်ပတ်သက်သည့် ထပ်ဆောင်း သတင်းအချက်အလက်ကိုလည်း ရရှိနိုင်သည်။

- CHIP အတွက် ဆေးရုံဆေးခန်းတခါသွားလျှင် ပူးတွဲပေးဆောင်ရမည့် စရိတ်သည် $3 နှင့် $10 အကြားရှိပြီး ဝင်ငွေနှင့်မိသားစုဦးရေ အပေါ်မူတည်၍ လစဉ်ကြေးများသည် $22 မှ $70 အထိ ရှိနိုင်သည်။
- MED Works အစီအစဉ်၏ လစဉ်ကြေးများသည် ဝင်ငွေနှင့် အိမ်ထောင်သည်အတွက် MED Works နှစ်ဦးစလုံးရှိ၊ မရှိ အပေါ်မူတည်ပြီး $48 နှင့် $254 အကြားရှိသည်။
- HIP  Basic အစီအစဉ်အတွက် ဆေးရုံဆေးခန်းတခါသွားလျှင် ပူးတွဲပေးဆောင်ရမည့် စရိတ်သည် $4 နှင့် $75 အကြားရှိပြီး ဝင်ငွေနှင့် မိသားစုဦးရေ အပေါ်မူတည်၍ လစဉ်သွင်းငွေများသည် $1 မှ $20 အထိ ရှိနိုင်သည်။

### 7. မယ်ဒီကိတ်အဖွဲ့ဝင်များ အနေနှင့် ကုန်ကျစရိတ်မျှခံရန်အတွက် ငွေကြေးမတတ်နိုင်သည့် အခက်အခဲရှိပါက အကူအညီတောင်းဆိုနိုင်ပါသလား။

ဟုတ်ပါသည်၊ ငွေရေးကြေးရေး အခက်အခဲများ ကြုံနေရသောသူများအတွက် ကူညီပံ့ပိုးမှု အစီအစဉ်များရှိပါသည်။ အဖွဲ့ဝင်များအနေနှင့် ကူညီပံ့ပိုးမှု နှင့် လမ်းညွှန်ချက် ရရှိရန်အတွက် မိမိ၏ကျန်းမာရေး အာမခံကြေးအစီအစဉ် ဖြစ်သော (Anthem ၊ CareSource ၊ MDwise သို့မဟုတ် MHS) ကို ဆက်သွယ်ရန် တိုက်တွန်းပါသည်။

### 8. ကုန်ကျစရိတ်မျှခံခြင်းသည် ဝင်ငွေနည်းသော မိသားစုများအပါအဝင် မယ်ဒီကိတ်အဖွဲ့ဝင်များ အားလုံးအတွက် အကျုံးဝင်ပါသလား။

ပူးတွဲပေးဆောင်မှုစရိတ်များ (Copays) သည် HIP နှင့် CHIP အဖွဲ့ဝင်များနှင့် သက်ဆိုင်မှုရှိပါသည်။ သွင်းငွေများ/လစဉ်ကြေးများသည် HIP နှင့် CHIP အစီအစဉ်တွင်ပါဝင်သော မယ်ဒီကိတ်အဖွဲ့ဝင်များ အားလုံးနှင့် သက်ဆိုင်မှုရှိပြီး ဝင်ငွေအရ ဖက်ဒရယ်ဆင်းရဲမှုအဆင့်၏ 150 ရာခိုင်နှုန်း အထက်ရှိသော MED Works အဖွဲ့ဝင်များနှင့် သက်ဆိုင်မှုရှိသည်။ ယင်းမယ်ဒီကိတ် အမျိုးအစားများသည် အခြားသော မယ်ဒီကိတ် အစီအစဉ်များထက် ဝင်ငွေအနည်းငယ်ပိုများသော ပုဂ္ဂိုလ်များ သို့မဟုတ် မိသားစုများ အတွက် ဖြစ်ပါသည်။ ဤပြောင်းလဲမှု နှင့်ပတ်သက်ပြီး သိရှိနားလည်ထားရန် နှင့် အာမခံကြေး ဆက်လက်ထားရှိရေးအတွက် လိုအပ်သောအဆင့်များကို ဆောင်ရွက်ရန် အရေးကြီးပါသည်။

### 9. ကုန်ကျစရိတ်မျှခံခြင်းကို နားလည်သဘောပေါက်ရန် နှင့် စီမံခန့်ခွဲရန်အတွက် ကျန်းမာရေးကုသသူများ အနေနှင့် မယ်ဒီကိတ်အဖွဲ့ဝင်များကို မည်သို့ကူညီနိုင်သနည်း။

ကုန်ကျစရိတ်မျှခံခြင်း ပြန်လည်အသုံးပြုမည့် အကြောင်းနှင့်ပတ်သက်ပြီး မိမိ၏လူနာများကို အသိပညာပေးရန်အတွက် ကျန်းမာရေး ကုသစောင့်ရှောက်သူများကို တိုက်တွန်းပါသည်။ ၎င်းတို့သည် အစီအစဉ်၏ လုပ်ငန်းစဉ်ကို ရှင်းပြရန်နှင့် အွန်လိုင်းမှတဆင့် စာရင်းအခြေအနေကို စစ်ဆေးရန် အတွက်လည်း ကူညီနိုင်သည်။

### 10. မယ်ဒီကိတ်အဖွဲ့ဝင်များ အနေနှင့် ကုန်ကျစရိတ်မျှခံရန် အစီအစဉ်အတွက် ငွေမသွင်းပါက မည်သို့ဖြစ်မည်နည်း။

ကုန်ကျစရိတ်မျှခံရန်အတွက် ငွေသွင်းရန်ပျက်ကွက်ပါက မယ်ဒီကိတ်အာမခံကြေးကို ထိခိုက်နိုင်သည်။ အဖွဲ့ဝင်များအနေနှင့် သတင်းအချက်အလက်များကို သိရှိထားရန်၊ လစဉ်ကြေးတောင်းခံလွှာများကို သတိထားရန် နှင့် မေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများ ရှိပါက မယ်ဒီကိတ်ကဒ်၏ ကျောဘက်ရှိ အဖွဲ့ဝင်အတွက် ဝန်ဆောင်မှုများ ဖုန်းနံပါတ်ထံ ဖုန်းခေါ်ရန် အရေးကြီးပါသည်။

**IN.gov/Medicaid**

**သင့်ကဒ်၏ကျောဘက်တွင်ရှိသော ဖုန်းနံပါတ်သို့ ဖုန်းဆက်ပါ။**